
ဘာသာပြန်စာရေးဆရာ - ညီနောင်
ရူးသွပ်ဖွယ်
အဆင့်အမြန်တက်စနစ်
(ရိထိန်အန်)
(Chapter 31 - 45)
(စာစဉ် -၃)

## ရှုးသွပ်ဖွယ် အဆင့်အမြန်တက်စနစ် ( အတွဲ ၂ )
## အခန်း ၃၁
## - တောင်ပံဂိုဏ်းမှ လူပ်ရှားခြင်း

ရီထိန်အန်သည် အခန်းသို့ ပြန်ရောက်သည်သောအခါ ဇီယုဝေနှင့် ကျန်သူများအား သူ၏အခန်းထဲတွင် တွေ့လိုက်ရသည်။သူတို့သည် ရီထိန်အန်မှာ ပြတင်းပေါက်မှ ခုန်ဝင်လာသည်အား တွေ့လိုက်ရာ အံ့သြနေကြလေသည်။

"သခင်လေးရီ ဒီမှာ ဘာဖြစ်လို့လဲ" ဇီယုဝေသည် ကြမ်းပြင်တွင် ကျနေသော သွေးများနှင့် လုပ်ကြံသူ၏ဝတ်ဆင်ထားသော ဝတ်စုံမှ အစ တစ်စအားတွေ့ရာ အံ့သြနေလေသည်။ရီထိန်အန်၏ ရေခဲတိုက်ခိုက်မှုမှာ မိုးအဆောက်အဦးအားလည်း ထိရောက်လေသည်။နံရံများ ခြားထားသော်လည်း ရေခဲအစွမ်းမှာ ကျန်သူများအား သတိထားမိစေလေသည်။ရေခဲအစွမ်းသည် သူတို့ကိုလည်း ထိရောက်သောကြောင့် မည်သို့ကြောင့် ထိုသို့ဖြစ်သည်အား အံ့သြနေလေသည်။

"ငါ့သူလုပ်တဲ့တာ သူပြန်ခံခိုင်းလိုက်တာ" ရီထိန်အန်သည် သူ၏အခန်းတွင် အလောင်းမှအကြွင်းအကျန်များကျန်သောကြောင့် တစ်ခုမှ ဖုံးကွယ်မထားကာ ပြောလိုက်တော့သည်။

"သူက လေအဆောက်အဦးက လွှတ်တာလား" ဇီယုဝေ၏အမူအရာမှာ ပြောင်းလဲသွားလေသည်။သူမသည် ဒေါသအလွန်ထွက်လာလေသည်။သူတို့သည် သူမ၏ညီ့သည်အား လုပ်ကြံရန် မည်သည့်ကြောင့် လုပ်ကြံသူ

အား လွှတ်ရဲပါသနည်း။သူမသည် ထိုသို့ဖြစ်လာမည်ဟု ထင်ခဲ့သော်လည်း ထိုကဲ့သို့ စောစီးစွာ ဖြစ်လာမည်ဟု မထင်ထားချေ။

"သူ့ကို ဘယ်သူလွှတ်လဲ ကျွန်တော်လဲမသိဘူး" ရီထိန်အန်သည် လေသံ ဖျော့ဖျော့ဖြင့် ပြောလိုက်သည်။သူသည် ကျန်အချက်အလက်များ အား လျှို့ဝှက်ထားလိုက်လေသည်။ထိုမှသာ ပြဿနာ အကြီးအကျယ် မဖြစ်နိုင် မည်ဖြစ်သည်။

"ပိုင်ရှင်ဇီ...ရှင့်ရဲ့ ဒီကလုံခြုံရေးတွေက တအား ပေါ့လျော့တယ်နော်...ရှင့် ရဲ့ ဧည့်သည်အခန်းထဲကို လုပ်ကြံသူ ဝင်လာတာကို မသိရတာလဲ...ကျွန်မ တို့ ဂျူနီယာမောင်လေးကို တစ်ခုခုဖြစ်ရင် ဘယ်လို တာဝန်ခံမှာလဲ"

အန်လင်းသည် အံ့ဩနေမှုမှာ ချက်ချင်းပြန်တည်ငြိမ်လာကာ မေးလိုက် တော့သည်။သူမမျက်စိရှေ့ရှိ မြင်ကွင်းကြောင့် အဆိုးဆုံးအခြေအနေအား တွေးမိလိုက်လေသည်။ရီထိန်အန်မှာ ထိုတိုက်ခိုက်ခံရမှုတွင် အသက်ဆုံးရှုံး ခဲ့ပါက သူမတို့မှ ရှီစူးရန်အား မည်သို့ ပြန်ပြောရမည်နည်း။ရှီစူးရန်သည် သူမတို့အား သူ၏အစောင့်အရှောက်အဖြစ် လွှတ်လိုက်ရာ ထိုသည်အား ကြည့်ခြင်းဖြင့် သူ့အား ရှီစူးရန်မှ မည်မျှ ဂရုစိုက်သည်ကို သိနိုင်လေသည်။ သူမတို့၏ကျင့်ကြံခြင်းမှာ ရီထိန်အန်ထက် မြင့်သောကြောင့် သူမတို့အား အစောင့်အဖြစ်ထားခြင်း ဖြစ်လေသည်။

ယခုနေရာတွင် အစောင့်များစွာ ရှိသော်လည်း သူမတို့နှစ်ယောက်မှာ ရီ ထိန်အန် ထိုလုပ်ကြံခံရမှုတွင် ဒဏ်ရာရပါက ထိုအကြောင်းအား တွေးမိရုံ ဖြင့် ချွေးစီးများ ပြန်စေလေသည်။ဇီယုဝေ၏မျက်နှာမှာ ရှုံ့မဲ့သွားကာ ထို အခြေအနေမှာ သေရေးရှင်ရေးအခြေအနေ ဖြစ်သွားကြောင်း သိလိုက်လေ သည်။

"ကျွန်မတောင်းပန်ပါတယ်...ကျွန်မပြောနိုင်တာကတော့ ကျွန်မအစောင့်

တွေက အားနည်းလို့ပါ..ကျွန် ချက်ချင်း လုံခြုံရေးကို တင်းကြပ်ခိုင်းလိုက်မယ်" ဇီယုဝေသည် သဘောအမှန်ဖြင့် တောင်းပန်လိုက်ကာ "လျော်ကြေး အနေနဲ့ ကျွန်မတို့အမြတ်ကို ၁၀ရာခိုင်နှုန်း လျော့ပြီးတော့ ရှင်တို့က ၆၀ရာခိုင်နှုန်း ကျွန်မတို့က ၄၀ရာခိုင်နှုန်းပဲ ယူပါ့မယ်ရှင်"

ထိုနည်းမှာ အလွယ်ဆုံးနှင့် အယုဉ်ကျေးဆုံး တောင်းပန်နည်းပင် ဖြစ်လေသည်။သူမမှ ဆေးသို့မဟုတ် လက်နက်အား လျော်ကြေးအဖြစ်ပေးပါက ထို အရာများမှာ ဝယ်ယူ၍ ရသောကြောင့် တောင်းပန်မှုမှာ မလေးနက်ပေ။ ထို့ကြောင့် သူမ၏အမြတ်အား ခွဲပေးလိုက်ခြင်း ဖြစ်သည်။

"မဖြစ်နိုင်ဘူး...မင်းအစောင့်တွေ ထပ်လွှတ်တောင်မှ သူ့ကို မတားနိုင်တော့ ဘာမှမထူးဘူး"

ထိုစကားမှာ အမှန်ပင် ဖြစ်သည်။ထိုလုပ်ကြံသူ၏ကျင့်ကြံခြင်းမှာ မမြင့်သော်လည်း ထိုသူမှာ လျှို့ဝှက်စွာ လှုပ်ရှားနိုင်လေသည်။မိုးအဆောက်အဦး၏အင်အားအား ကြည့်ခြင်းဖြင့် ထိုသူအား တားရန် အဆင့်ဇဝိဉာဏ်လေ့ကျင့်ခြင်းဘုံ မဟုတ်ပါက ရှာဖွေနိုင်စွမ်းကောင်းသော သူအား လိုလေသည်။ထိုသူများမှာ ထိုသို့ လုပ်မည် မဟုတ်ချေ။အဆင့်ဇဝိဉာဏ်လေ့ကျင့်ခြင်းဘုံသိုင်းသမားများမှာ မြို့စားအဆင့်များဖြစ်ကာ ထိုသူများအား အစောင့်အဖြစ်ခန့်၍ မရပေ။

ဇီယုဝေသည် စိုးရိမ်ပူပန်နေတော့သည်။သူမမှ ရီထိန်အန်အား အလျော်မပေးပါက သူ၏စိတ်တွင် မကောင်းသောအမြင် မြင်သွားကာ နောင်တွင် သူနှင့်အလုပ်လုပ်၍ ရသောအခွင့်အရေးလည်း ဆုံးရှုံးမည် ဖြစ်သောကြောင့် ဖြစ်သည်။ရီထိန်အန်သည် သူမအား ကြည့်အား ပြုံးလိုက်၍

"မင်းကိုမင်း အပြစ်တင်စရာ မလိုပါဘူး...ဒါ မင်းအမှားမှ မဟုတ်တာ...သူက လေအဆောက်အဦးက လွှတ်တယ်ဆိုရင်တောင် ကျွန်တော့

ကြောင့် လွှတ်လိုက်တာ..ဒါကြောင့် မင်းနဲ့ မဆိုင်ပါဘူး"

သူသည် ဝိဉာဏ်လက်နက်များအား များစွာလုပ်၍ ဈေးနည်းနည်းဖြင့် ရောင်းသောကြောင့် ထိုလုပ်ကြံမှုမှာ သူ့ကြောင့်ပင် ဖြစ်တော့သည်။

"ရှင် မှန်ပါတယ်...ဒါပေမဲ့ ရှင်က ကျွန်မတို့ ညှော့သည်ဆိုတော့ မကာကွယ်နိုင်တာ ကျွန်မတို့အမှားပဲ...ခုနက သဘောတူထားတဲ့အတိုင်း ၆၀ နဲ့၄၀ ယူကြမယ်...အဲ့ဒါက ကျွန်မ ရှင့်တို့ကို အကောင်းဆုံးလျှော်ပေးနိုင်တာ"

အမြတ်အား ၁၀ရာခိုင်နှုန်းအား လျှော့လိုက်သည်မှာ ဆုံးရှုံးမှုတွင် အများအပြား ဖြစ်စေလေသည်။အဘယ်ကြောင့်ဆိုသော် မိုးအဆောက်အဦးမှ ပစ္စည်းများပေးကာ အမြတ်အားလည်း လျှော့မည်ဆိုပါက သူမတို့၏ပစ္စည်းတန်ဖိုးဖြင့် အမြတ်သိပ်မကျန်တော့ပေ။ထိုသည်မှာ သူမသည် မည်မျှစိတ်ရင်းအမှန်ဖြင့် ဖြစ်ကြောင်း ပြသနေလေသည်။

ရီထိန်အန်သည် သူမမှာ မည်သည့်ကြောင့် သူ့အား အမြင်ကြည်စေကာကြာကြာနေစေရန် ထိုသို့ လုပ်ခြင်းဖြစ်ကြောင်း နားမလည်ပေ။ အမြတ် ရရှိရန်မှာ မှန်သော်လည်း ပို၍အရေးကြီးသည်မှာ သူမ၏မိုးအဆောက်အဦးအား အခြားသူများနှင့် ယှဉ်နိုင်ရန် ဖြစ်သောကြောင့် အမြတ်မှာ အရေးသိပ်မကြီးတော့ပေ။

"ပိုင်ရှင်ဇီ...မင်းရဲ့ကြင်နာမှုကို အလေးထားပါတယ်...ဒါပေမဲ့ အဲ့ဒါက မလိုပါဘူး..ကျွန်တော် မနက်ဖြန် ပြန်မှာ အဲ့ဒါက လုပ်ကြံတဲ့ကိစ္စနဲ့ မဆိုင်ဘူး...ကျွန်တော်တို့ ဒီကိုလာတဲ့ အဓိက ရည်ရွယ်ချက်က ကျောက်စိမ်းနန်းတော်မှာ လက်နက်လုပ်ဖို့ ပစ္စည်းလာဝယ်တာ...ဒါကြောင့် ကျွန်တော်တို့ အလုပ်ပြီးတော့ ပြန်တော့မှာ"

လုပ်ကြံမှု ဖြစ်သည်ဖြစ်စေ မဖြစ်ဘူး ဖြစ်စေ သူသည် ကျောက်စိမ်းနန်းတော်သို့ ပြန်ရမည် ဖြစ်သည်။သူ ဒီနေရာတွင် နေထိုင်သည်မှာ ကြာပြီ

ဖြစ်ကာ ဆက်၍ ကြာကြာနေလျှင်လည်း အကျိုးသိပ်မရှိတော့ပေ။ဇီယုဝေ၏မျက်နှာ တွင် အရောင်များ ပြောင်းလဲသွားကာ ရီထိန်အန် မနက်ဖြန်တွင် ပြန်သော ကိစ္စမှာ သူမတို့အတွက် မကောင်းသော်လည်း ထိုအစီအစဉ်အား ဘာမှ မပြောနိုင်ပေ။သူမသည် သက်ပြင်းအား ချလိုက်ကာ "သခင်လေးရီက ဆုံးဖြတ်ပြီးပြီဆိုတော့ ကျွန်မ ဘာမှ မပြောတော့ပါဘူး....နောင် သခင်လေးရီ အကူအညီလိုလာရင် ကျွန်မတို့ဘက်က ပျော်ရွှင်စွာ ကူညီပါ့မယ်"

ရီထိန်အန်သည် ခေါင်းငြိမ့်လိုက်လေသည်။သူသည် ဇီယုဝေပေါ်တွင် ယုံကြည်လေသည်။ထို့ကြောင့် သူသည် ဝယ်စရာတစ်ခုခုပေါ်လာပါက မိုးအဆောက်အဦးထံတွင်သာ ဝယ်မည်ဖြစ်သည်။နေက်တစ်နေ့တွင် ရီထိန်အန်မှာ ကျောက်စိမ်းနန်းတော်တွင် လိုအပ်သော ပစ္စည်းများအား ဝယ်ယူပြီးဖြစ်လေသည်။ယခုအခါ သူ့တွင် ငွေ ၁မီလီယံ မြတ်သည်မှာ စိတ်ကျေနပ်စရာဖြစ်လေသည်။စနစ်မှ ပေးသော အလုပ်များမှ ရသော ဆုများမှာ ထိုဂသော ငွေများထက် ပို၍ပင် များလေသည်။

သူသည် ငွေသာရှာမည်ဆိုပါက လက်နက်များအား လုပ်၍ ရောင်းသည်မှာ သားရဲများအား သတ်သည်ထက် ပို၍ ရလေသည်။

"ပိုင်ရှင်ဇီ..ဒါဆို ကျွန်တော် ထွက်သွားတော့မယ်"

ရီထိန်အန်သည် ဇီယုဝေအား ပြောလိုက်သည်။

"ရှင့်ကို ဘယ်ချိန်လာလာ ကြိုဆိုပါတယ်...သခင်လေးရီလာရင် ပိုကောင်းတဲ့ တန်ဖိုးပေးနိုင်အောင် ကြိုးစားပါ့မယ်"ဇီယုဝေမှာ ပြုံး၍ ပြောလိုက်သည်။အခုတစ်ခေါက်တွင် သူမသည် မိုးအဆောက်အဦး၏အခြေအနေအား တည်ငြိမ်အောင် လုပ်နိုင်ခဲ့ကာ အမြတ်များစွာလဲ ရခဲ့လေသည်။

သူတို့သည် ထွက်ခွာရန် ပြင်လိုက်စဉ်တွင် အစောင့်တစ်ယောက်မှာ

အလောတကြီးပြေးလာကာ "သူဌေး..လေအဆောက်အဦးက အဆင့်မြင့်ဝိဉာဏ်လက်နက်တွေ လေလံတင်နေတယ်...အရေအတွက်က နည်းပေမဲ့ တန်ဖိုးအကြီးဆုံးက တောင်ပံဂိုဏ်းက လုပ်ထားတဲ့လက်နက်တွေ...အဲ့မှာ လူအုပ်ကြီးဖြစ်နေပြီးတော့ တောင်ပံဂိုဏ်းက လုပ်တဲ့ လက်နက် မဟုတ်ရင် ကျန်တဲ့သူတွေလုပ်တာ အမှိုက်တွေလို့ ကြေညာနေတယ်...အဲ့ဒါတွေက ကျွန်တော်တို့ မနေ့ကရောင်းတဲ့လက်နက်တွေရော အမှိုက်တွေလို့ ပြောနေတယ်"

"တောင်ပံဂိုဏ်းက ဝိဉာဏ်လက်နက်တွေ..."ဇီယုဝေ၏မျက်နှာမှာ ပြောင်းလဲသွားကာ "လေအဆောက်အဦးက လှုပ်ရှားလိမ့်မယ်ဆိုတာ ငါထင်တယ်...ဒါပေမဲ့ တောင်ပံဂိုဏ်းနဲ့ ပူးပေါင်းလိမ့်မယ်လို့ မထင်ခဲ့ဘူး"

တောင်ပံဂိုဏ်းမှာ လေမြို့တော်တွင် အာဏာအရှိဆုံး ပြယုဒ်ဖြစ်သည်။ ပန်းပဲပညာစစ်ဆေးမှုနှင့် ဝိဉာဏ်လက်နက်များအား အဆင့်သတ်မှတ်သည်မှာပင် သူတို့ထံတွင် လုပ်လေသည်။ရီထိန်အန်သည် သူ၏လက်နက်များအား ငွေကြေး ပြိုင်သည်အား လက်ခံနိုင်သော်လည်း ထိုကဲ့သို့ အမှိုက်ဟုပြောခြင်းအား လက်မခံနိုင်ပေ။

ရီထိန်အန်၏မျက်လုံးများမှာ အေးစက်သွားကာ "တောင်ပံဂိုဏ်းက ဂိုဏ်းသား မာလိန်ပေါင် မဟုတ်လား" ထိုနာမည်မှာ သူ မြို့အတွင်းသို့ ဝင်ရာတွင် စနစ်မှ ပေးသော အလုပ်အား သတိရစေလေသည်။သူသည် ထိုကဲ့သို့ တွေ့ဆုံရလိမ့်မည်ဟု ထင်မထားပေ။

အပိုင်း(၃၂)မျှော်

#crazylevelingsystem31

***